Pathfinder INTERNATIONAL
A GLOBAL LEADER IN SEXUAL AND REPRODUCTIVE HEALTH

Myanmar Partners in Policy and Research

## FP 2020 ဆိုင်ရာ မြန်မာနိုင်ငံ၏ ကတိကဝတ်

မြန်မာနိုင်ငံ၏ လက်ရှိ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်များသည် အခွင့်အလမ်းပေါင်း မြောက်မြားစွာကို ဖေါ်ဆောင်ရာတွင် ပြည်သူလူထု၏ လူနေမှုဘဝ အရည်အသွေးကို တိုးတက်စေခဲ့သည်။ ထိုမှတဆင့် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများကို တိုးတက်စေရာတွင် မျှော်မှန်း လူ့သက်တမ်းကို မြင့်မားစေခြင်းနှင့် မိခင်သေဆုံးမှုနှုန်း ကို လျော့ကျစေနိုင်ပါသည်။

ထို့အတူ FP2020 ဆိုင်ရာ သဘောတူညီမှုကို အခြားနိုင်ငံများ နည်းတူ ပါဝင်ရန် ၂၀၁၃ ခုနှစ်တွင် ဆုံးဖြတ်ခဲ့ ပါသည်။ ထိုဆုံးဖြတ်ချက်မှ တဆင့် မြန်မာနိုင်ငံအနေနှင့် သားဆက်ခြားပစ္စည်း သုံးစွဲမှုနှုန်းကို လက်ရှိ ၄၁% မှ ၂၀၁၅ ခုနှစ်တွင် ၅၀% သို့လည်းကောင်း၊ ၂၀၂၀ ခုနှစ်တွင် ၆၀% အထိတိုးတက်ရန်နှင့် လိုအပ်ချက် ကွာဟမှုကို ၂၀၁၅ ခုနှစ်တွင် ၁၀% အထိလျော့ချရန် ရည်မှန်းထားပါသည်။ ထို့ပြင်မက မြန်မာနိုင်ငံအတွင်းရှိ သားဆက်ခြားရန် လိုအပ်သူ ဇနီးမောင်နှံ သန်း ၃၀ ကို ဝန်ဆောင်မှုပေးနိုင်ရန် ကျန်းမာရေး အသုံးစရိတ်ကိုလည်း တိုးမြှင့်လျာ ထားခဲ့ပါသည်။

### ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုအတွက် မိသားစုစီမံကိန်း

**မိသားစု စီမံကိန်းသည် ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုအတွက် ထိရောက်သော လုပ်ငန်းဟု အဘယ်ကြောင့် ပြောနိုင်ပါသလဲ ...**

မိသားစုစီမံကိန်း (သားဆက်ခြားလုပ်ငန်းများ) သည် အမျိုးသမီးနှင့် ကလေးငယ်များ၏ ဘဝပြည့်စုံရေး အတွက်သာမက မိသားစုများနှင့် လူမှုဝန်းကျင် တစ်ခုလုံးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ရပ်တည်လျက် ရှိပါသည်။

### (၁) သားဆက်ခြား ဝန်ဆောင်မှုဖြင့် မွေးကင်းစကလေး သေနှုန်းနှင့် မိခင်သေနှုန်း လျော့ကျစေခြင်း

သုတေသန တွေ့ရှိချက်များက ရှင်းရှင်းလင်းလင်း ဖော်ပြနေပါသည်။ သားဆက်ခြား ဝန်ဆောင်မှုများကို လက်လှမ်းမီစေခြင်းသည် မိခင်၊ မွေးကင်းစနှင့် ကလေးငယ်များ၏ ကျန်းမာရေးကို အထောက်အကူ ဖြစ်စေပါသည်။ လိုအပ်သော သားဆက်ခြားဝန်ဆောင်မှုကို ဖြည့်ဆည်းနိုင်လျှင် မလိုလားအပ်သော ကိုယ်ဝန်ဆောင်ရခြင်း ၆၇.၅% ၊ အန္တရာယ်ရှိသော ကိုယ်ဝန်ဖျက်ချခြင်း ၆၄% မိခင်ကလေး သေဆုံးခြင်း ၂၇% နှင့် မွေးကင်းစကလေး သေဆုံးခြင်း ၁၉% အသီးသီး လျော့ချနိုင်ပါသည်။

### (၂) သားဆက်ခြားလုပ်ငန်းများမှ ဆင်းရဲမွဲတေမှုကို လျော့နည်းစေခြင်း

သားဆက်ခြား လုပ်ငန်းများသည် အလွန်အမင်း ဆင်းရဲမွဲတေမှုနှင့် ဝတ်မွတ်ခေါင်းပါးမှု ကိုလည်း ပပျောက်စေ နိုင်ပါသည်။ သားဆက်ခြားခြင်း အားဖြင့် မွေးဖွားမှုနှုန်း လျော့ကျခြင်း မှတဆင့် လူဦးရေ အသဆ

မတန် တိုးပွားမှုကို ထိန်းချုပ်ပေးသည့် အတွက် စီးပွားရေးတိုးတက်မှု၊ အမျိုးသမီးများ၏ ဝန်ဆောင်မှု အခန်းကဏ္ဍကို မြှင့်တင်နိုင်မှု နှင့် ဝင်ငွေတိုးတက်ရရှိ စေနိုင်ပါသည်။

**(၃) သားဆက်ခြားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တွက်ခြေကိုက်သည်**

မိသားစုစီမံကိန်း (သားဆက်ခြား လုပ်ငန်းများ) တွင် ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးသက်ရောက် မှုရှိကြောင်း သာဓကများ ရှိပါသည်။ မလိုလားအပ်သော ကိုယ်ဝန်ဆောင်ခြင်းများကို ကာကွယ်ပေးနိုင်သည့် အတွက် လျော့ချပေး နိုင်သော ရင်းနှီးမြှုပ်နှံမှုများကို အခြား ကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံ နိုင်မည် ဖြစ်ပါသည်။ သားဆက်ခြား လုပ်ငန်းများအတွက် ၁ ဒေါ်လာ သုံးစွဲတိုင်း အခြားသော ကျန်းမာရေးကဏ္ဍ၊ အိမ်ယာစီမံကိန်း၊ ရေရရှိမှုနှင့် အခြားပြည်သူ့ ဝန်ဆောင်မှုများ အတွက် သုံးစွဲနိုင်ရန် ၆ ဒေါ်လာ အပိုစုဆောင်းနိုင်မည် ဖြစ်သည်။ သားဆက်ခြား လုပ်ငန်းများအတွက် ၁ ဒေါ်လာ သုံးစွဲတိုင်း လူမှုဝန်ဆောင်မှု လုပ်ငန်းများတွင် အသုံးပြုရန် အတွက် လိုအပ်သောငွေကြေး ကျပ်တည်းမှုကို လျော့ချနိုင်သဖြင့် အာဖရိက ရှိ ဆာဟာရ ဒေသတွင် ၂ ဒေါ်လာ မှ ၆ ဒေါ်လာ အထိ၊ တောင်အာရှ ဒေသတွင် ၁၃ ဒေါ်လာ အထိ အပိုထွက်လာ နိုင်ပါသည်။

**(၄) သားဆက်ခြားလုပ်ငန်းနှင့် ပညာရေး**

သားဆက်ခြား ဝန်ဆောင်မှုများ ရရှိစေခြင်းဖြင့် မိန်းကလေးများအတွက် စောစီးစွာ ကိုယ်ဝန်ဆောင်ရခြင်းမှ ကင်းဝေးစေပြီး ပညာဆက်လက် သင်ယူရန်အခြေအနေကို ပိုမိုရရှိစေပါသည်။ မိန်းကလေးများ ပညာရေး အဆင့်အတန်းမြင့်မားခြင်းသည် ကျား၊မ ညီမျှမှု တိုးတက်စေရုံသာမက ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေကာ စီးပွားရေး အလားအလာကောင်းများ ပိုမိုမြင့်တက်စေပါသည်။

**(၅) လူဦးရေဖွဲ့စည်းမှု၏ဆုလာဘ် မှ ပေးသော အခွင့်အလမ်းများ**

ကမ္ဘာတစ်ဝှမ်းလုံးတွင် အသက်၁၅ မှ ၂၉နှစ် အတွင်းရှိ လူငယ်ဦးရေသည် အရွယ်ရောက်ပြီးသူ ဦးရေ၏ ၄၀% ကျော်ကို ပိုင်ဆိုင်ထားပါသည်။ ထိုအခြေအနေကို အခြေပြုပြီး လူငယ်များ၏ စွမ်းရည်ကို မြှင့်တင်ခြင်းဖြင့် လူဦးရေဖွဲ့စည်းမှု၏ဆုလာဘ် အဖြစ် ပြောင်းလဲနိုင်ပါသည်။ အလုပ်လုပ်နိုင်စွမ်းရှိသော လူငယ်များ၏ အရေအတွက် များပြားခြင်းကို အခြေခံ၍ အလုပ်အကိုင် အခွင့်လမ်းများ ဖန်တီးပေးနိုင်လျှင် နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုကို အလားအလာကောင်းများ ဖြစ်စေနိုင်ပါသည်။

အရှေ့အာရှ၏ ထူးခြားဖြစ်စဉ်သည် လူငယ်များ၏ လုပ်အားစွမ်းရည်ကို အသုံးချပြီး နိုင်ငံ၏ အခွန်ရရှိမှုနှင့် စီးပွားဖွံ့ဖြိုးတိုးတက်မှု အတွက် အဓိကပံ့ပိုးမှုဖြစ်ကြောင်း ပြသသည့် နမူနာကောင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အသက်၁၅နှစ်အောက်ရှိ လူငယ်ဦးရေသည် နိုင်ငံ့ဦးရေ စုစုပေါင်း၏ ၄ပုံ ၁ပုံဖြစ်ပါသည်။ ထိုလူငယ်ထုက ကိုယ်စားပြုသော လူဦးရေဖွဲ့စည်းမှု ဆုလာဘ် ကို အခွင့်အလမ်းအဖြစ် ဖော်ဆောင်နိုင်ရန် လူငယ်များ၏ မျိုးဆက်ပွားကျန်းမာရေး အသိပညာဖြန့်ဖြူးရေး၊ ဝန်ဆောင်မှု အရည်အသွေး ပြည့်ဝရေးတို့နှင့်အတူ ပညာရေးနှင့် စီးပွားရေး အခွင့်အလမ်းများ တိုးတက်စေရန် ဆောင်ရွက်သင့်ပါသည်။

မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီ ရရှိစေမည်ဆိုပါက မလိုလားအပ်သော ကိုယ်ဝန်ဆောင်ရခြင်းများကို ကာကွယ်နိုင်ရုံမက အန္တရာယ်ရှိသော ကိုယ်ဝန် ဖျက်ချခြင်းများကို နည်းပါးစေမည် ဖြစ်ပါသည်။

**သားဆက်ခြားလုပ်ငန်းများ စွမ်းဆောင်မှု ဆွေးနွေးပွဲ၊ နေပြည်တော် ၂၀၁၄ခုနှစ် ဇွန်၃၀ရက်မှ ဇူလိုင်၂ရက်**

မြန်မာနိုင်ငံဆိုင်ရာ သားဆက်ခြား လုပ်ငန်းများ စွမ်းဆောင်မှု ဆွေးနွေးပွဲကို နေပြည်တော်တွင် ဇွန် ၃၀ ရက်မှ ဇူလိုင်၂ရက် အထိ ကျင်းပပြုလုပ်ရာတွင် သားဆက်ခြားလုပ်ငန်းများ အကောင်းဆုံး စွမ်းဆောင်နိုင်မှု ဖလှယ်ခြင်း၊ စိန်ခေါ်မှုနှင့် ဖြေရှင်းမှုများဆွေးနွေးပြီး မြို့နယ်အဆင့် လုပ်ငန်းစဉ်များ ရေးဆွဲခြင်းနှင့် သားဆက်ခြား ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေး တိုးတက်စေခြင်း စသည့် ရည်ရွယ်ချက်များ ဖြင့် ပြုလုပ်ခဲ့ပါသည်။

မြို့နယ် ၁၀ ခုမှ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများနှင့် အတူ နိုင်ငံတကာ ကျွမ်းကျင်သူနှင့် ပြည်တွင်း ကျွမ်းကျင်မှု ပညာရှင်များ၏ ပါဝင်ဆွေးနွေးမှုဖြင့် မျိုးဆက်ပွား ကျန်းမာရေးနှင့် သားဆက်ခြား ဝန်ဆောင်မှုဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းလမ်းညွှန်မှုများ ပိုမိုမြင့်မားလာစေရန် အတွက် အောက်ဖော်ပြပါ အကြံပြုချက်များကို ဖေါ်ထုတ်နိုင်ခဲ့ပါသည်။

**ကိန်းဂဏန်း အချက်အလက်**

- သားဆက်ခြား ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ မှန်မှန်ကန်ကန် ရှိရေး
- မျိုးဆက်ပွား ကျန်းမာရေး စီမံခန့်ခွဲမှု သတင်းစနစ်များ ပိုမိုအရည်အသွေး တိုးတက်လာခြင်းဖြင့် နိုင်ငံတော်အဆင့် အထိ သတင်းအချက်အလက်များ ပြည့်စုံတိကျစွာ ရရှိစေရန်
- နိုင်ငံတော်စနစ် စီမံခန့်ခွဲမှု သတင်းစနစ်တွင် ပုဂ္ဂလိက ကဏ္ဍတွင်ပါ ပါဝင်လာစေရန်
- ကိုယ်ဝန်ဖျက်ချခြင်းနှင့် ပတ်သက်ပြီး မှတ်တမ်းတင်မှု ပိုမိုတိကျပြည့်စုံလာစေရန်
- မြို့နယ်အဆင့် ကျန်းမာရေး ဝန်ထမ်းများအား ဆေးဝါးနှင့် အထောက်အပံ့ပစ္စည်း စီမံခန့်ခွဲမှု သတင်း စနစ်နှင့် ပတ်သက်ပြီး လေ့ကျင့် သင်တန်းပေးရန်

**စီမံချက်လုပ်ငန်းများ**

- လက်လှမ်းမီမှု မရရှိသေးသော လူငယ်များထံ ရောက်ရှိနိုင်မည့် စီမံချက်လုပ်ငန်းများ အကောင်အထည် ဖေါ်ရာတွင် လူငယ်များ လက်ခံနိုင်သည့် ဝန်ဆောင်မှုဖြစ်စေရေး၊ သက်ရွယ်ဆင့်တူ ပညာပေးသူများနှင့် ဖုန်းလိုင်းများမှ တဆင့် ပညာပေးခြင်းတို့ ထည့်သွင်း စဉ်းစားရန်
- ပုဂ္ဂလိက ကဏ္ဍမှ ဆေးဝါးကျွမ်းကျင်မှုနှင့် ရောင်းချသူများ၏ ပူးပေါင်းပါဝင်မှု ရယူရန်
- ဆေးပေးခန်းများ၏ အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် (ဥပမာ - ညအချိန် လျှပ်စစ်မီး ရရှိရေး)

- ဒေသသုံး (သို့မဟုတ်) တိုင်းရင်းသား ဘာသာစကားများဖြင့် ပညာပေးပစ္စည်း ထုတ်လုပ်ရန်
- ဝါရင့်သူနာပြု ဆရာမကြီးများအား implant နှင့် ပတ်သက်ပြီး သင်တန်းပေးရန်
- အရံသားဖွား ဆရာမများအား သားဆက်ခြား ဝန်ဆောင်မှုအတွက် လိုအပ်သလို သင်တန်းပေးရန်
- သင်တန်းများအတွက် လိုအပ်သော သင်ထောက်ကူ ပစ္စည်းများ လုံလောက်စွာရရှိရန်
- အသိပညာပေး ဆွေးနွေးခြင်းဖြင့် ရပ်ရွာခေါင်းဆောင်များ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် အကြီးအကဲ များအား စီမံချက်လုပ်ငန်းများတွင် နားလည်စွာ ပါဝင်လာရေး စည်းရုံးလှုံ့ဆော်ရန်
- ဝန်ဆောင်မှု ပေးသူများ၏ ကျွမ်းကျင်မှု တိုးတက်စေရန်
- implant နှင့်ပတ်သတ်ပြီး ကျွမ်းကျင်သူ အရေအတွက် တိုးတက်များပြားလာစေရန်
- သက်ရှယ်ဆင့် တူပညာပေးခြင်းနှင့် ဝန်ဆောင်မှုအရည်အသွေး  သင်တန်းပေးရန်
- ပုဂ္ဂလိကနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ တွဲဖက်ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ရန်
- လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး စီမံကိန်းကို ပြန်လည်သုံးသပ် ပြင်ဆင်ရာတွင်  ဝါရင့်ပညာရှင်များ အား ဆက်လက် ထိန်းသိမ်းထားနိုင်ရန်နှင့် ချီးမြှင့်ခြင်း အစီအစဉ် ထည့်သွင်းနိုင်ရန်
- ခက်ခဲသည့် ဒေသများအထိ ရောက်ရှိအောင် ကြိုးပမ်းရာတွင် ရွေ့လျား ဆေးပေးခန်းများဖြင့် နစ်ရှည် သားဆက်ခြား နည်းလမ်းများ အသုံးပြုနိုင်ရေး ကြိုးပမ်းရန်
- ညှိနှိုင်းရေး အစည်းအဝေးများ ပုံမှန်ကျင်းပနိုင်ရန်
- ကွင်းဆင်း ကြီးကြပ်ရေးအတွက် အစီအမံများနှင့် ငွေကြေးအသုံးစရိတ် ရှိစေရန်
- သားဆက်ခြား ထိုးဆေးများ အသုံးပြုနိုင်ရေးအတွက် အရန်သားဖွားဆရာမများနှင့် ဆေးဝါးကျွမ်းကျင် များနှင့် သက်ဆိုင်သော စစ်တမ်း ကောက်ယူရန်
- အရန်သားဖွား ဆရာမများနှင့် လုပ်အားပေးများ အတွက် ချီးမြှင့်ပေးရန်
- အရန်သားဖွား ဆရာမများအား သားဆက်ခြား ဝန်ဆောင်မှုများတွင် အင်အားဖြည့်ပါဝင်စေရန်

**လုပ်ငန်းလမ်းညွှန်များနှင့် သင်ရိုးညွှန်းတမ်းများ**

- လုပ်ငန်းလမ်းညွှန်များကို ပြန်လည်ရေးဆွဲပြီး ခေတ်နှင့်လျော်ညီသော နည်းပညာ အသစ်များ ထည့်သွင်းရန်
- လုပ်အားပေးများ အတွက် သင်ရိုးညွှန်းတမ်းများ ပြန်လည်ရေးဆွဲရန် ( အထူးသဖြင့် သားဆက်ခြား ဝန်ဆောင်မှု ပါဝင်စေရန်)
- အရန်သားဖွားဆရာမများအတွက် သင်ရိုးညွှန်းတမ်းတွင် သားဆက်ခြား ဝန်ဆောင်မှုဆိုင်ရာ သင်ခန်းစာ ထည့်သွင်းရန်
- ကြီးကြပ်ခြင်း ဆိုင်ရာ ကိစ္စများအတွက် စံသတ်မှတ်ထား ဆောင်ရွက်ရန်

- အခြေခံ ကျန်းမာရေး ဝန်ထမ်းများ၏ လုပ်ငန်းတာဝန် ခွဲဝေသတ်မှတ်မှုများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်နိုင်ရန် (ဥပမာ ဝါရင့်သားဖွားဆရာမမှ Implant ထည့်ရန်၊ အရန်သားဖွားဆရာမမှ သောက်ဆေးထိုးဆေး ပေးနိုင်ရန်)
- လုပ်ငန်း လမ်းညွှန်မှုများအပေါ် နားလည်မှု တူညီစေရေး ရှင်းလင်း ဆောင်ရွက်ရန်
- အမျိုးသမီး သားကြောဖြတ်ခြင်း အတွက် လိုအပ်သော အဆင့်များကို လျှော့ချနိုင်ရန်နှင့် ခွင့်ပြုချက် အဆင့်များ ဖြေလျှော့နိုင်ရန်

**ဆေးဝါးများ**

- လိုအပ်ချက်နှင့် လျော်ညီသော ဆေးဝါးပစ္စည်း (Implant) များ စဉ်ဆက်မပြတ်ရရှိစေရန်
- သားဆက်ခြား ဆေးဝါးနှင့်ပစ္စည်း လိုအပ်ချက်ခန့်မှန်းခြင်းကို ပိုမိုတိကျစွာ ပြုလုပ်ဆောင်ရွက်နိုင်ရန်
- Implant အရေအတွက် ပိုမိုထောက်ပံ့ရန်
- လိုအပ်ချက် အတိုင်း မြို့နယ်များမှ မှာယူရရှိနိုင်စေရန်

**ငွေကြေးခွဲဝေသုံးစွဲမှု**

- သားဆက်ခြား ဆေးဝါးများအတွက် နိုင်ငံတော်၏ ဘဏ္ဍာ ခွဲဝေသုံးစွဲမှု မြင့်တက်လာစေရန်
- လူ့စွမ်းအား အရင်းအမြစ် တိုးတက်ရေး အတွက် ဘဏ္ဍာ ခွဲဝေသုံးစွဲမှု မြင့်တက်လာစေရန်
- သယ်ယူပို့ဆောင်ရေး စရိတ်စကများ ကာမိရန် ဘဏ္ဍာ ခွဲဝေသုံးစွဲမှု မြင့်တက်လာစေရန်
- ကြီးကြပ်ရေး အတွက် ဘဏ္ဍာ ခွဲဝေသုံးစွဲမှု မြင့်တက်လာစေရန်
- ဒေသအဆင့် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်နိုင်ရေးအတွက် လိုအပ်သလို ထောက်ပံ့ပေးရန်